FORB Learning Platform

# ဇာတ်ညွှန်း : လွတ်လပ်စွာ ကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်မှု အပေါ် ကန့်သတ်ချက်များ

လွတ်လပ်စွာ ကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်ခွင့်အပေါ် အစိုးရအတော်များများက ကန့်သတ်ထားတာကို ရုပ်မြင်သံကြားက သတင်းတွေနှင့် ကိုယ်တိုင်ကြုံတွေ့တဲ့ အဖြစ်အပျက်တွေကတဆင့် သိရှိနိုင်မှာပါ။ သူတို့က ဘာသာရေး ဆောင်ရွက်ချက်တွေကို ကန့်သတ်ဖို့ အကြောင်းပြချက်တစ်ခု (သို့) အခြားအကြောင်းပြချက်တခုခုလိုအပ်တယ်လို့ ပြောဆိုခဲ့ကြပါတယ်။ ဒါဆို ကန့်သတ်ချက်တွေဟာ ဘယ်အချိန်မှာ ကျိုးကြောင်းမျှတပြီး လက်ခံနိုင်ဖွယ်ရှိလဲဆိုတာ နှင့် ဘယ်အချိန်မှာတော့ မျှတမှု မရှိဘူး၊ လက်မခံနိုင်ဖွယ်မရှိဘူးလို့ ကျွန်တော်တို့ သိရှိနိုင်မလဲ။

အပြည်ပြည်ဆိုင်ရာလူ့အခွင့်ရေးဥပဒေက မိမိကိုးကွယ်တဲ့ ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို ခံယူခွင့်၊ ရွေးချယ်ခွင့်၊ ကူးပြောင်းခွင့် (သို့) နုတ်ထွက်ခွင့်ဟာ စစ်မှန်တဲ့ အခွင့်အရေးဖြစ်ပြီး ဘယ်တော့မှ အကန့်အသတ်မထားသင့်ဘူးလို့ ဆိုပါတယ်။ မိမိကိုးကွယ်တဲ့ ဘာသာ (သို့) သက်ဂင်ယုံကြည်မှုအပေါ် လူသိရှင်ကြားကိုးကွယ်ကျင့်သုံးခွင့်ကို တနည်းနည်းနဲ့ တားမြစ်မှုတွေ ရှိနိုင်ပေမယ့်၊ ၄င်းဟာ အောက်ပါအချက် (၄) ချက်နဲ့ ညီညွတ်မှု ရှိရပါမယ်။

(၁) မည်သည့်ကန့်သတ်ချက်မဆို ဥပဒေနှင့်အညီ ပြဌာန်းပေးရမည်။
ဒီအချက်ရဲ့ အဓိကအချက်ကတော့ နိုင်ငံတော်၊ ပြည်သူ့ရဲတပ်ဖွဲ့ နှင့် တရားရုံးတွေရဲ့ကြိုတင်မှန်းဆမရနိုင်တဲ့ (သို့) ကျိုးကြောင်းဆီလျော်မှုမရှိတဲ့ အရေးယူဆောင်ရွက်မှုတွေ ရပ်တန့်သွားစေဖို့ ဖြစ်ပါတယ်။

(၂) ကန့်သတ်ချက်တွေဟာ အများလူထုလုံခြုံရေး၊ ပြည်သူလူထုအတွင်း သဟဇာတရှိရေး၊ လူထုကျန်းမာရေး (သို့) လူထုစာရိတ္တ (သို့) အခြားပုဂ္ဂိုလ်များရဲ့ ရပိုင်ခွင့်နှင့်လွတ်လပ်ခွင့်တွေကို ကာကွယ်ရန်လိုအပ်သောကြောင့်ဖြစ်ရပါမယ်။
ဒါကအရေးကြီးပါတယ်။ အများကောင်းကျိုးကို ရည်စူးပြီး ကန့်သတ်ချက်တွေ ချမှတ်ခြင်းဟာ မဲအနိုင်ရနိုင်မယ့်လမ်းအဖြစ်ရွေးချယ်ပြီး ကန့်သတ်ချက်ကို ချမှတ်တာ အလွန် မတူပါဘူး။

(၃) ကန့်သတ်ချက်များဟာ ခွဲခြားဆက်ဆံသည့်သဘောမဖြစ်ရပါ။
(၄) ထို့အပြင် မည်သည့်ကန့်သတ်ချက်မဆို မိမိဘာသာကို လူသိရှင်ကြားကိုးကွယ်ကျင့်သုံးခွင့်ကြောင့် ဖြစ်တဲ့ ပြဿနာနှင့် ဆီလျော်မှု ရှိရမှာ ဖြစ်ပါတယ်။

ဒီစည်းမျဉ်းတွေဟာ အင်မတန်အရေးကြီးပါတယ်။ ဒီစည်းမျဉ်းတွေမရှိရင် အစိုးရက မိမိတို့ မနှစ်သက်တဲ့ အရာမှန်သမျှ၊ အုပ်စုအဖွဲ့ (သို့) ကျင့်သုံးမှုတိုင်းကို ကန့်သတ်နိုင်သွားမှာ ဖြစ်ပါတယ်။

ကန့်သတ်ချက်တွေဆိုတာ နောက်ဆုံးအဆင့်မှ သုံးရတဲ့နည်းလမ်းသာဖြစ်သင့်ပြီး အစိုးရက ထိန်းချုပ်တဲ့ နည်းလမ်းတစ်ခု ဖြစ်မနေသင့်ပါဘူး။

စည်းမျဉ်းတွေအကြောင်း ရှင်းရှင်းလင်းလင်းသိနားလည်ဖို့ ဥပမာတစ်ခုနဲ့ လေ့လာကြည့်ရအောင်။

မြို့တစ်မြို့မှာ မတူကွဲပြားတဲ့ ဘာသာရေးအုပ်စု (၅) စု ရှိတယ်ဆိုပါစို့။ သူတို့အားလုံးမှာ ဝတ်ပြု ကိုးကွယ်ရာ နေရာကိုယ်စီရှိပြီး ဘေးပတ်ဝန်းကျင်အတွက် အနှောက်အယှက်ဖြစ်စေတဲ့ ဆူညံမှုတွေ အနည်းနဲ့အများ ဖြစ်စေခဲ့တယ်။ ဒါပေမယ့် ရဲတွေက အသင်းအဖွဲ့ငယ်နှင့် နာမည်မကြီးတဲ့အဖွဲ့တွေအပေါ်တိုင်ကြားချက်တွေကိုပဲ လက်ခံတယ်၊ စသည်ဖြင့် ....

အသံဆူညံလွန်းတာဟာ ကျန်းမာရေးကို ထိခိုက်စေသလို လူထုကျန်းမာရေးအရ ကန့်သတ်ခြင်းဟာလည်း တရားဥပဒေနဲ့ ညီညွတ်တဲ့ အကြောင်းအရာတစ်ခုလည်းဖြစ်ပါတယ်။ ဒါဆိုရင် အာဏာပိုင်တွေ ဘာလုပ်သင့်လဲ။ လူထုကျန်းမာရေးကို အကာအကွယ်ပေးဖို့အတွက် ခွဲခြားဆက်ဆံမှုကင်းပြီး သာတူညီမျှရှိတဲ့ ဘယ်လိုစည်းမျဉ်းစည်းကမ်းမျိုးတွေ ရှိဖို့လိုအပ်မလဲ။

ဒီကိစ္စမှာ လူထုအစည်းအဝေးပွဲအတွက် လက်ခံနိုင်တဲ့ အသံဆူညံမှုအတိုင်းအတာကို ဥပဒေနဲ့ စည်းမျဉ်းစည်းကမ်းတကျ ထိန်းချုပ်ပေးတာဟာ အသင့်လျော်ဆုံးဖြစ်ပါတယ်။ ဒီဥပဒေဟာလည်း ဘာသာရေးအသင်းအဖွဲ့များ နှင့် အခြားသူတွေအားလုံးအပေါ် ညီတူညီမျှသက်ရောက်မှုရှိရပါမယ်။ တကယ်လို့ အဖွဲ့တစ်ခုခုက သတ်မှတ်နှုန်းထက် ကျယ်လောင်ခဲ့မယ်ဆိုရင် အသံကိုလျှော့ခိုင်းတာ (သို့) ဒဏ်ရိုက်တာမျိုး လုပ်ဆောင်သင့်ပါတယ်။ သူတို့ကို လုံးဝအသံမထွက်ဖို့ (သို့) အားလုံးစုဝေးတွေ့ဆုံတဲ့ပွဲကို ပိတ်ပင်တားမြစ်တာမျိုးတော့ မလုပ်သင့်ပါဘူး။

ရဲတွေကလည်း နာမည်မကြီးတဲ့အဖွဲ့တွေကို တိုင်တန်းတဲ့ စာတွေသာ လက်ခံရရှိခဲ့မယ် ဆိုရင်တောင်မှ ဥပဒေကို မျှမျှတတ ကျင့်သုံးရပါမယ်။

ဒါဟာ သေးငယ်ပြီး ရိုးရှင်းတဲ့ ဥပမာတစ်ခု ဖြစ်ပါတယ်။

ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ကို အများဆုံး ချိုးဖောက်ခံရတာတွေ ကြည့်မယ်ဆိုရင် ဒီသဘောတရားတွေကို လျစ်လျူရှုခံထားရတယ်ဆိုတာ အလွယ်တကူ မြင်တွေ့နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကန့်သတ်ချက်တွေဟာ လိုအပ်တာမဟုတ်သလို၊ ခွဲခြားဆက်ဆံထားတာနဲ့ လျော်ကန်မှုမရှိတာတွေလည်း သိသာထင်ရှားစွာမြင်တွေ့နိုင်ပါတယ်။

အဆောက်အဦးပြင်ပမှာ ကျင်းပဖို့ ခွင့်ပြုချက်တောင်းခံတဲ့ ဘာသာရေး လုပ်ဆောင်မှုအားလုံးကို တချို့နိုင်ငံမှာ တားမြစ်ပိတ်ပင်ခံထားရပါတယ်။ ဒါကြောင့် အိမ်မှာ ထမင်းစားဖိတ်ပြီး

ကျေးရွာတော်ချီးမွမ်းပွဲ ပြုလုပ်ခြင်းဟာ တရားမဝင် ဖြစ်သွားပါတယ်။ ဒီကန့်သတ်ချက်ဟာ ဥပဒေစံနှုန်းနှင့် ကိုက် ညီမှု လုံးဝမရှိဘူးဆိုတာ သိသာထင်ရှားပါတယ်။

ဒီ့အပြင် နောက်ထပ် အငြင်းပွားစရာဖြစ်ရပ်တွေ အများကြီးရှိပါသေးတယ်။ ပြင်သစ်နိုင်ငံက မြို့တော်ဝန်အနေနဲ့ ဘာကီးနီးစ် လို့ ခေါ်တဲ့ မျက်နှာ နှင့် ခြေထောက်တစ်ခုသာ ပေါ်တဲ့ ရေကူးဝတ်စုံ ဝတ်ဆင်တာကို တားမြစ်ပိတ်ပင်တာဟာ မှန်ကန်မှု ရှိရဲ့လား။ ဒါမှမဟုတ် မိမိသက်ဝင် ယုံကြည်မှုအကြောင်းကို အခြားလူတွေဆီ မျှဝေပြောပြခွင့်ကို အိန္ဒိယနိုင်ငံရှိ တချို့ဒေသက အာဏာပိုင်တွေက ကန့်သတ်ထားတာဟာ လျော်ကန်မှုရှိရဲ့လား။

တကယ်လို့ ကန့်သတ်ခြင်းဟာ တရားဥပဒေနဲ့ ညီညွတ်နေတယ်ဆိုရင် ဒါကို မှန်မမှန်ဆုံးဖြတ်ဖို့ တရားရုံးက မေးသင့်တဲ့ မေးခွန်း (၇) ခုအကြောင်းကို ဒီတင်ပြချက်မှာ လေ့လာသွားမှာ ဖြစ်ပါတယ်။ ဒီတင်ပြချက်က သင်ကြုံတွေ့နေရတဲ့ ကန့်သတ်ချက်တွေကို လေ့လာဆန်းစစ်ဖို့ အထောက်အကူပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**နိုင်ငံတစ်နိုင်ငံမှာ တားမြစ်ပိတ်ပင်မှုတွေ ချမှတ်ထားရင်၊ ပထမဆုံး မေးခွန်းက တကယ်လို့ အဲဒီ ကန့်သတ်ထားခြင်းက အကြွင်းမဲ့အခွင့်အရေးဖြစ်တဲ့ မိမိနစ်သက်တဲ့ ဘာသာ (သို့) အယူဝါဒကို ကိုးကွယ်ခံယူခွင့်ကိုလား၊ (သို့) လူသိရှင်ကြားကိုးကွယ်ကျင့်သုံးခွင့်ကိုလား ဆိုတာ မေးခွန်းထုတ်ရမှာ ဖြစ်ပါတယ်။**

အကြွင်းမဲ့အခွင့်အရေးက ကန့်သတ်ခံနေရရင်၊ နိုင်ငံတော်ရဲ့ ဆောင်ရွက်မှုဟာ တရားဥပဒေနဲ့ မညီညွတ်တော့ပါဘူး။ တကယ်လို့ လူသိရှင်ကြား ကိုးကွယ်ခြင်းကို အကန့်အသတ်လုပ်ထားမယ် ဆိုရင်တော့ နောက်မေးခွန်းတစ်ခုကို သွားရအောင်။

**ပြုမူဆောင်ရွက်ချက်တွေက ဘာသာရေး(သို့)သက်ဝင်ယုံကြည်မှုကို လူသိရှင်ကြားကိုးကွယ်ကျင့်သုံးခွင့်ကို ကန့်သတ်နေတာလား (သို့) အပြုအမူတစ်ခုတည်းကိုလား။**

ကျွန်ုပ်တို့ရဲ့ လုပ်ဆောင်မှုတွေဟာ များသောအားဖြင့်ကျွန်ုပ်တို့ သက်ဝင်ယုံကြည်မှုရဲ့ လမ်းညွှန်မှုအတိုင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့လုပ်သမျှကိုတော့ ကာကွယ်ပေးထားတဲ့ ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှုကို လူသိရှင်ကြားကျင့်သုံးမှုမျိုးမဟုတ်ပါဘူး။ တစ်စုံတစ်ယောက်က သူတို့ရဲ့ လူသိရှင်ကြား ကျင့်သုံးမှု ကန့်သတ်ခံနေရတယ်လို့ တိုင်ကြားခဲ့ရင် စိုးရိမ်စရာကောင်းတဲ့ အပြုအမူတွေဟာ ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှုကို လူသိရှင်ကြားကျင့်သုံးမှုတစ်ခုဖြစ်ကြောင်း ဆုံးဖြတ်ပြီးမှ တရားရုံး တွေက စတင်စစ်ဆေးကြတယ်။ ၄င်းတို့ရဲ့ အတွင်းကျကျ ဆက်စပ်မှုကို သိရှိဖို့အတွက် အပြုအမူနှင့် သက်ဝင်ယုံကြည်မှုနှစ်ခုကြားက ချိတ်ဆက်မှုကို လေ့လာပြီး စစ်ဆေးမှုတွေ ပြုလုပ်ကြပါတယ်။

တခါတလေမှာ ဒါက လွယ်ကူပါတယ်။ ဘုရားကျောင်းတက်တယ်ဆိုတာ ခရစ်ယာန်ဘာသာဝင်နှင့် အပြည့်အဝသက်ဆိုင်ပြီး အစာရှောင်ခြင်းဟာ အစ္စလာမ်ဘာသာဝင်နှင့် အပြည့်အဝ ဆက်နွယ်နေပါတယ်။

ဒါပေမယ့် အမြဲတမ်းတော့ ရိုးရှင်းမနေပါဘူး။ လက်ဝါးကားတိုင်ကို ဆွဲထားခြင်းဟာ ခရစ်ယာန်ဘာသာဝင်တစ်ယောက်အတွက် ရေးကြီးတခွင် မဟုတ်ပေမယ့် အခြားတစ်ဖက်မှာတော့ ဒါဟာ ဘာသာရေးအမှတ်အသားကို အလေးအနက်ထုတ်ဖော်ပြသခြင်းတစ်ခု ဖြစ်ပါတယ်။ ဒီလိုပါဘဲ မွတ်ဆလင်အမျိုးသမီးတွေမှာလည်း ခေါင်းမြီးခြုံထားတာနဲ့ ပတ်သက်ပြီး မတူညီတဲ့ ယုံကြည်မှုတွေ ရှိနေပါတယ်။

သက်ဝင်ယုံကြည်မှုမှာ ဘယ်ဟာက မှန်ကန်လဲဆိုတာ ဆုံးဖြတ်ပေးမှာက တရားရုံးရဲ့ တာဝန်မဟုတ်ပါဘူး။ ဘာသာရေးဆိုင်ရာ လူသိရှင်ကြားကိုးကွယ်ကျင့်သုံးခွင့်အနေနဲ့ ဆုံးဖြတ်တဲ့အခါမှာ ခရစ်ယာန် ဓမ္မပညာ ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း တပါးသူတွေအပေါ် ဦးစားပေးလေ့ရှိတဲ့ အယူဝါဒကြောင့် တရားရုံးအနေနဲ့ စွန့်စွန့်စားစား စီရင်ချက်ချရတဲ့ အဖြစ်တွေနဲ့ ရင်ဆိုင်ရလျက်ရှိပါတယ်။ လူ့အခွင့်အရေးဟာ လူတစ်ဦးချင်းနဲ့သာ သက်ဆိုင်နေတာမို့ တရားရုံးတွေက အသင်းအဖွဲ့တွေရဲ့ ဆုံးမသြဝါဒထက် စိုးရိမ်ပူပန်နေတဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ သက်ဝင်ယုံကြည်မှုကို အလေးထား ကြည့်ရှုရပါတယ်။ ပြီးတော့ လူတစ်ယောက်အနေနဲ့ သူ့လုပ်ဆောင်ချက်တစ်ခုဟာ ဘာသာရေး ဆိုင်ရာ လူသိရှင်ကြားကိုးကွယ်ကျင့်သုံးခွင့်ကြောင့်လား ဆိုတာ လေ့လာပြီး သူတို့အတွက် ဟုတ်တယ်ဆိုရင် ဟုတ်တယ်လို့ သတ်မှတ်ရပါမယ်။

**အကာအကွယ်ပေးထားတဲ့ ဘာသာရေးဆိုင်ရာ လူသိရှင်ကြားကိုးကွယ်ကျင့်သုံးခွင့်ဟာ ကန့်သတ်ခံ ထားရကြောင်း ခိုင်လုံနေပြီဆိုရင် အဲဒီ ကန့်သတ်ခြင်းဟာ ဥပဒေမှာ ပြဌာန်းထားသလားဆိုတာ ကျွန်ုပ်တို့ စိစစ်ဖို့ လိုပါတယ်။**

ကန့်သတ်ခြင်းကို စည်းမျဉ်းစည်းကမ်းချထားတဲ့ ဥပဒေပြဌာန်းချက်၊ စီရင်ထုံး ဒါမှမဟုတ် ဓလေ့ထုံးတမ်းဥပဒေတွေရှိနေသလား။ ဒါမှမဟုတ် တရားဥပဒေဘောင်အတွင်းမဟုတ်ဘဲ အာဏာပိုင်တွေက ပြဌာန်းထားတာလား။ တကယ်လို့ ဥပဒေအရ ပြဌာန်းထားတာမရှိရင်၊ ဒီကန့်သတ်ခြင်းဟာလည်း တရားဥပဒေနဲ့ ညီညွတ်ခြင်း မရှိပါဘူး။

**နောက်တစ်ဆင့်ကတော့ အဆိုပါကန့်သတ်ချက်ဟာ ဥပဒေဘောင်ကိုကာကွယ်ဖို့ လိုအပ်လားဆိုတာ ဆန်းစစ်ရမှာ ဖြစ်ပါသည်။**

ဒါကို ဖြေရမယ်ဆိုရင်၊ ပထမဆုံးအနေနဲ့ ကန့်သတ်ခံထားရတဲ့ ဘာသာရေးကျင့်သုံးမှုနဲ့ တရားဥပဒေအကြောင်းအရာတွေကြား တိုက်ရိုက်ဆက်နွယ်မှု ရှိနေလားဆိုတာ စိစစ်ရမှာ ဖြစ်ပါတယ်။ ဒုတိယအနေနဲ့ ကန့်သတ်ခြင်းက တကယ်လိုအပ်ရဲ့လားဆိုတာ စိစစ်ရပါမယ်။ ဒီမေးခွန်းတွေကို ထပ်ပြီး လေ့လာကြည့်ရအောင်။

အပြည်ပြည်ဆိုင်ရာ ဥပဒေအရ၊ ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှုလွတ်လပ်ခွင့်ကို ကန့်သတ်ဖို့ တစ်ခုတည်းသော တရားဝင် အကြောင်းရင်းကတော့ လူထုလုံခြုံရေး၊ ပြည်သူလူထု အတွင်း သဟဇာတရှိရေး၊ လူထုကျန်းမာရေး (သို့) လူထုစာရိတ္တ၊ (သို့) တပါးသူတွေရဲ့ ရပိုင်ခွင့်များနှင့် တပါးသူတွေရဲ့ လွတ်လပ်ခွင့်ကို အကာအကွယ်ပေးခြင်းပဲ ဖြစ်ပါတယ်။

ဒါဆိုရင် ကန့်သတ်ခံထားရတဲ့အပြုအမူတွေက ဒီအကြောင်းရင်းတွေကို ဘယ်လိုထိခိုက်နေသလဲ။ သက်သေအထောက်အထားကော ရှိရဲ့လား။

နိုင်ငံတော်အနေနဲ့ ကန့်သတ်ခံထားရတဲ့ ဘာသာရေးကျင့်သုံးမှုနှင့် တရားဥပဒေ အကြောင်းအရာ တွေ ကြားက <u>တိုက်ရိုက်ဆက်နွယ်မှု</u>ကို အားလုံးသိအောင် ချပြရပါမယ်။

ဟိန္ဒူဘာသာရဲ့ဇာတ်စနစ်ဟာ လူတွေကို ဇာတ်မြင့်၊ ဇာတ်နိမ့်နဲ့ ဇာတ်မဲ့အုပ်စုများအဖြစ် ပိုင်းခြားသွားစေခဲ့ပါတယ်။ ဇာတ်မဲ့အုပ်စုတွေဟာ ဆိုးဝါးတဲ့ ခွဲခြားဆက်ဆံမှု၊ လူမှုရေးနှင့် စီးပွားရေး ဆုံးရှုံးနစ်နာမှုတွေကို ကြုံတွေ့ခဲ့ပါတယ်။ တချို့ဘုရားကျောင်းတွေက ဇာတ်မဲ့ ဟိန္ဒူတွေကို အဝင်မခံပဲ တားမြစ်ခဲ့ဖူးပါတယ်။ အိန္ဒိယဟာ ဇာတ်စနစ်ကို ၁၉၄၉ ခုနှစ်မှာ ဖျက်သိမ်းခဲ့ပြီး ဇာတ်မဲ့ဟိန္ဒူတွေ ဘုရားကျောင်းထဲဝင်မလာဖို့ တားမြစ်တာ မရှိတော့ပါဘူး။ ဒီကန့်သတ်ခြင်းဟာ စမ်းသပ်အောင်မြင်ခဲ့ပါတယ်။  ဘာဖြစ်လို့လဲဆိုတော့ ဒီက ဇာတ် ခွဲခြားဆက်ဆံခြင်းကို ကာကွယ် ခြင်းနှင့် တပါးသူတွေရဲ့ လွတ်လပ်ခွင့်နှင့်အခွင့်အရေးတွေကို အကာအကွယ်ပေးခြင်းတို့ တိုက်ရိုက် ဆက်နွယ်မှု ရှင်းနေလို့ ဖြစ်ပါတယ်။

ဒါပေမယ့် ကန့်သတ်ခြင်းအားလုံးမှာ ဒီလိုရိုးရှင်းတဲ့ ဆက်နွယ်မှု ရှိနေတာ မဟုတ်ပါဘူး။ တခါတရံမှာ အစိုးရတွေကိုယ်တိုင်လဲ တရားဝင်အကြောင်းအရာကို မှားယွင်းစွာ ဆောင်ရွက်တာ ဒါမှမဟုတ် တလွဲအသုံးပြုသွားတာတွေ ရှိပါတယ်။

ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှုလွတ်လပ်ခွင့်ကို ကန့်သတ်ထားခြင်းဟာ ပြည်သူလူထု အတွင်း သဟဇာတရှိရေးကြောင့်ဖြစ်လေ့ရှိပါတယ်။ ပြည်သူလူအတွင်း သဟဇာတရှိရေး ဥပဒေဟာ ငြိမ်းချောက်ခြင်း၊ တိုက်ခိုက်ခြင်း၊ အကြမ်းဖက်မှုကို လှုံ့ဆော်ခြင်းနှင့် ဘာသာတရားကို တခါတရံ စွပ်စွဲပြစ်မှားရေးသားခြင်း စတဲ့ အရာတွေကို ထိန်းကွပ်ပေးပါတယ်။

ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှုကို လူသိရှင်ကြား လွတ်လပ်စွာ ကိုးကွယ်ရာမှာ မိမိယုံကြည်ထားတာကို မှန်ကန်မှုရှိကြောင်း ပြောဆိုခွင့် အပြည့်အဝပါရှိရပါမယ်။ မိမိသက်ဝင်ယုံကြည်မှုကို ငြိမ်းချမ်းစွာ (သို့) အကြမ်းဖက်မှုမဖြစ်ပွားစေနိုင်တဲ့ လှုံ့ဆော်မှုနည်းလမ်းနဲ့ လည်း သိသာထင်ရှားစွာ ဆန္ဒထုတ်ဖော်နိုင်ပါတယ်။ စိတ်မကောင်းစရာကတော့ တချို့သူတွေဟာ သူတို့ကိုယ်တိုင်ထက် အခြားသူတွေရဲ့ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခြင်းအပေါ် မကျေမနပ်ဖြစ်ကြပြီး အကြမ်းဖက် တုန့်ပြန်တတ်ကြပါတယ်။

အချို့နိုင်ငံတွေမှာ တချို့သက်ဝင်ယုံကြည်သူတွေရဲ့ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခြင်းကို တားမြစ်ပိတ်ပင်ထားပြီး ရှုန်းရင်းဆန်ခတ် အကြမ်းဖက်မှုတွေ ဖြစ်လာမှာ စိုးရိမ်တဲ့အတွက် တရားဝင်သတ်မှတ်ထားတဲ့ နေရာမှာသာ ပြုလုပ်ရမယ်လို့ ဆင်ခြေပေးကြပါတယ်။ ဒီအချက်ကြောင့် အမာဒီ (Ahmadi) (သို့) ဘာသာမဲ့သူတွေ ပြည်သူလူထုအတွင်း ဆန္ဒဖော်ထုတ်တာကို အင်ဒိုနီးရှားနိုင်ငံက တားမြစ်ထားခဲ့ပါတယ်။ အကျိုးဆက်ကတော့၊ အကြမ်းဖက်မှု ကျူးလွန်သူတွေရဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုကို အရေးယူရမည့်အစား အကြမ်းဖက်ခံရသူတွေကို အခြားဘာသာရေးကို ပြစ်မှားမှု (သို့) သွေးထိုးလှုံ့ဆော်မှုနဲ့ တခါတရံ အရေးယူခံရပါတယ်။

ဒီဥပဒေတွေက အကြမ်းဖက်မှုကို လျော့ကျမသွားစေပါဘူး။ အဲဒီအစား သက်ဝင်ယုံကြည်မှု မှားယွင်းနေသူတွေကို အပြစ်ပေးသင့်တယ်ဆိုတဲ့ အတွေးအခေါ်ကို ပိုမိုခိုင်မာ သွားစေပါတယ်။

နောက်ထပ် လှည့်စားနိုင်တဲ့ အကြောင်းအရာကတော့ **<u>လူထုစာရိတ္တစံနှုန်း</u>**ဘဲ ဖြစ်ပါတယ်။ လူတိုင်းမှာ တူညီတဲ့ စာရိတ္တစံနှုန်းတွေရှိပါသလား၊ ပြီးတော့ ဘယ်သူတွေရဲ့ စာရိတ္တစံနှုန်းကတော့ အများပြည်သူ သဘောတူတဲ့ လူထုစာရိတ္တစံနှုန်းဖြစ်ပါသလဲ။ ကုလသမဂ္ဂလူ့အခွင့်အရေး ကျွမ်းကျင်သူတွေကတော့ အများပြည်သူ သဘောတူတဲ့ လူထုစာရိတ္တစံနှုန်း ဆိုတာဟာ "လူမှုရေးတွေ၊ အတွေးအခေါ်နဲ့ ဘာသာရေး ထုံးတမ်းများ" မှ ဆင်းသက်လာရမှာ ဖြစ်ပါတယ်။ နောက်တစ်နည်းပြောရရင်၊ ကန့်သတ်ထားခြင်းကို လူအများစုသဘောတူတဲ့ စာရိတ္တစံနှုန်းတစ်ခုတည်းအပေါ် အမှီမပြုရပါဘူး လို့ ဆိုပါတယ်။

<u>အမျိုးသားလုံခြုံရေး</u>ဟာ ဘာသာရေး သို့မဟုတ် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်တွေကို ကန့်သတ်ဖို့အတွက် တရားဥပဒေနဲ့ ညီညွတ်တဲ့ အကြောင်းရင်းတစ်ခု မဟုတ်ဘူးလို့ ပြောရင် သင်အံ့အားသင့်နိုင်ပါတယ်။

အချို့အစိုးရတွေဟာ ရန်သူ့နိုင်ငံက ဘာသာရေးကို ဝေမျှတဲ့ အသင်းအဖွဲ့တွေဟာ အမျိုးသားလုံခြုံရေးကို ထိခိုက်စေတယ်ဆိုပြီး မိစ္ဆာအဖွဲ့လို့ သတ်မှတ်ခဲ့ကြတယ်။ သဘောတူစာချုပ် ရေးဆွဲသူတွေက လူထုကျန်းမာရေး၊ လုံခြုံရေးနှင့် သဟာဇာတဖြစ်ရေးတို့ဟာ ကန့်သတ်ချက်တွေအတွက် လုံလောက်တဲ့အတိုင်းအတာရှိနေပြီဖြစ်တဲ့အတွက် အမျိုးသား လုံခြုံရေးကို ထပ်မံထည့်သွင်းခြင်း

ဟာ အရေးကြုံလာတဲ့အခါ ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့် ကို အွန္တရာယ်ရှိလာစေနိုင်တယ်လို့ သဘောတူကြပါတယ်။

ဒါဟာ နိုင်ငံတော်အနေနဲ့ ကန့်သတ်ထားတဲ့ဘာသာရေးကိုးကွယ်ကျင့်သုံးမှုက တရားဥပဒေဘောင်ကို ဘယ်လိုကျော်လွန်နေလဲဆိုတာကိုဖော်ပြတဲ့ **<u>တိုက်ရိုက်ဆက်နွယ်မှု</u>**ကို ထုတ်ဖော်ပေးရမယ် လို့ ကျွန်ုပ်တို့ အတည်ပြုလေ့လာခဲ့ကြပါတယ်။ တရားဥပဒေတွေကို မှန်ကန်စွာ အဓိပ္ပာယ်ဖွင့်ဆိုပြီး လက်တွေ့ကျင့်သုံးနေသလားဆိုတာ စိစစ်ဖို့ အရေးကြီးကြောင်း ကျွန်ုပ်တို့ တွေ့ရှိပြီး ဖြစ်ပါတယ်။

**ကျွန်ုပ်တို့ မေးခွန်းရဲ့ ဒုတိယပိုင်းကို သွားကြည့်ရအောင် - ကန့်သတ်ခြင်းဟာ လိုအပ်ပါသလား။**
နိုင်ငံရေး (သို့) အများအမြင်မှာတော့ မလိုလားကြပါဘူး။ ဒါပေမယ့် လိုအပ်ပါတယ်။

အစိုးရအနေနဲ့ သူတို့အဆိုပြုထားတဲ့ ကန့်သတ်ချက်နှင့် တပါးသူတွေရဲ့ အခွင့်အရေးနှင့် လွတ်လပ်ခွင့်တွေကို အကာအကွယ်ပေးခြင်းတို့ကြား တိုက်ရိုက်ဆက်နွယ်မှုရှိတယ်လို့ ပြသပေးတယ်လို့ ဆိုကြပါစို့။

*ခြိမ်းခြောက်ထိခိုက်မှုက ကန့်သတ်ချက်တွေ ချမှတ်ရလောက်အောင် ပြင်းထန်ရဲ့လား။*
*အဆိုပြုထားတဲ့ကန့်သတ်ချက်တွေက အခြားတပါးသူတွေရဲ့ ရပိုင်ခွင့်ကို ထိထိရောက်ရောက် အကာအကွယ်ပေးနိုင်ပါ့မလား။*
*ပြီးတော့ အခွင့်အရေးတွေကို ကန့်သတ်မထားဘဲ ပြဿနာကို ဖြေရှင်းနိုင်မယ့် အခြားနည်းလမ်းတွေ မရှိတော့ဘူးလား။*

ပြဿနာဟာ ထင်သလောက် မပြင်းထန်ဘူးဆိုရင်၊ အဆိုပြုထားတဲ့ ကန့်သတ်ချက်ဟာ ၄င်းပြဿနာကို မဖြေရှင်းနိုင်ခဲ့ရင်(သို့) အခွင့်အရေးတွေကို ကန့်သတ်မထားဘဲ ဖြေရှင်းနိုင်စရာ အခြားနည်းလမ်းရှိခဲ့မယ်ဆိုရင် အဲဒီကန့်သတ်ချက်တွေဟာ မလိုအပ်ပါဘူး။

တရုတ်အစိုးရက လူတွေ ပြွတ်သိပ်နေတဲ့ ဗုဒ္ဓဘာသာသင်တန်းကျောင်းတွေဟာ ကျန်းမာရေးနဲ့ လုံခြုံရေးအတွက် စိုးရိမ်စရာ ရှိတယ်လို့ ဆိုပါတယ်။ ကျန်းမာရေးနဲ့ လုံခြုံရေးဟာ ဥပဒေဘောင်အတွင်း အကျုံးဝင်တဲ့ အကြောင်းအရာတွေ ဖြစ်ပါတယ်။ ပထမဖြေရှင်းနည်းက သင်တန်းကျောင်းတွေကို ပြုပြင်ဖို့နှင့် တိုးချဲ့နိုင်ဖို့ဖြစ်ပါတယ်။ ဒီဖြေရှင်းနည်းက အခွင့်အရေးတွေကို ကန့်သတ်မထားပါဘူး။ ဒါပေမယ့် အစိုးရက ဧရိယာတစ်ခုလုံးကို ဖြိုဖျက်ပြီး သီလရှင်း အပါး ၁၀၀၀ ကို အတင်းအကျပ်ရွှေ့ပြောင်းစေခဲ့ပါတယ်။ အမှန်တော့ ဒီလို လုပ်စရာ မလိုပါဘူး။

တစ်ချို့ ကန့်သတ်ချက်တွေတော့ လိုအပ်တာမှန်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂကလည်း အန္တရာယ်ရှိတဲ့ တချို့ ရှေးခေတ် ရိုးရာကိုးကွယ်မှုနှင့် အမျိုးသမီးအင်္ဂါ ဖြတ်ထုတ်ခြင်း စတဲ့ ရိုးရာကိုးကွယ်မှုတွေကို တားမြစ်ပိတ်ပင်သင့်တယ်လို့ အတိအလင်းဖော်ပြခဲ့ပါတယ်။

ဒီလိုပါဘဲ၊ ဖြစ်ရပ်တော်တော်များများဟာ ရိုးရှင်းမနေပါဘူး။ ဒါပေမယ့် ကန့်သတ်ချက်ချမှတ်ရခြင်းရဲ့ အကြောင်းရင်းကို ပြောပြပေးဖို့ နိုင်ငံတော်မှာ တာဝန်ရှိပါတယ်။

**အစိုးရမှာ ကျိုးကြောင်းညီညွတ်တဲ့ တရားဥပဒေဘောင်တစ်ခုရှိပြီး ကန့်သတ်ချက်တွေ ချမှတ်ဖို့ လိုအပ်တယ်လို့ ကျွန်ုပ်တို့ အတည်ပြုနိုင်ခဲ့ရင် အဲဒီ ကန့်သက်ချက်တွေမှာ ခွဲခြားဆက်ဆံမှုတွေ ရှိနေသလားလို့ ဆက်လက်စိစစ်ဖို့ လိုအပ်ပါတယ်။**

ဥပဒေတွေ၊ မူဝါဒတွေ (သို့) ကျင့်သုံးမှုတွေမှာ ခွဲခြားဆက်ဆံမှုရှိ၊ မရှိ သိမြင်ဖို့ လွယ်ကူတယ် လို့ ထင်ကောင်း ထင်လိမ့်မယ်။ တကယ်လို့ ဒီကန့်သတ်ချက်ဥပဒေတွေကို တချို့လူတွေအတွက် သိသိသာသာကျင့်သုံးပြီး အခြားလူတွေအတွက် မကျင့်သုံးခဲ့ရင် ဒါဟာ ခွဲခြားဆက်ဆံတာ ဖြစ်ပါတယ်။ ဒါကို တိုက်ရိုက် ခွဲခြားဆက်ဆံခြင်းလို့ ခေါ်ပြီး ၎င်းကို တားမြစ်ပိတ်ပင်ထားပါတယ်။

တခါတလေကျရင် လူတိုင်းအတွက် အကျုံးဝင်တဲ့ ဥပဒေတစ်ခု ကျင့်သုံးရာမှာ လူတချို့အပေါ်သာ အများကြီးသက်ရောက်နေပြီး အခြားလူတွေအပေါ် ဘာမှမသက်ရောက်တာလည်း ရှိပါတယ်။ ဒါကို သွယ်ဝိုက် ခွဲခြားဆက်ဆံခြင်းလို့ ခေါ်ပါတယ်။

ကျွန်ုပ်တို့ ပုံဖော်ထားတဲ့ မြို့နဲ့ ဆူဆူညံညံကိုးကွယ်ကြတဲ့ နေရာလေးတွေဆီ ပြန်သွားကြည့်ရအောင်။ ကောင်စီက လူထုအတွင်း ဘာသာရေးအခမ်းအနားရဲ့ဆူညံသံအတိုင်းအတာကို ထိန်းချုပ်တဲ့ ဥပဒေတစ်ခု အစပြုလိုက်တာနှင့် ဘာသာရေးအသိုင်းအဝန်းက တာဝန်ခံတွေက သူတို့ရဲ့အသံချဲ့စက်ကို လိုအပ်သလို အသံအတိုး၊ အလျှော့လုပ်လာကြပါတယ်။ ဒါပေမယ့် ဘုရားကျောင်းက ခေါင်းလောင်းသံဟာ ကျယ်လောင်လွန်းရင်တောင် အဲအသံကို အသံချဲ့စက်တွေလိုမျိုး လျှော့အောင် လုပ်နိုင်မှာ မဟုတ်ပါဘူး။ တခြားလူတွေအတွက် ပြဿနာမှမရှိပေမယ့် ဘုရားကျောင်းကတော့ ဒီခေါင်းလောင်းတီးတဲ့ အလေ့အထကို စွန့်လွှတ်ရပါတော့မယ်။ ဒါဟာ သွယ်ဝိုက် ခွဲခြားဆက်ဆံ ခံရခြင်း ဖြစ်ပါတယ်။

သွယ်ဝိုက် ခွဲခြားဆက်ဆံခြင်းကို ဖြစ်ပွားစေခဲ့တဲ့ သာဓကတွေ အများကြီးရှိပါတယ်။ လူထုကြားထဲမှာ ဓါးလက်နက် သယ်ဆောင်တာကို နိုင်ငံတော်တော်များများမှာ တားမြစ်ထားပါတယ်။ ဒါဟာ ဆိခ် (Sikhs) လူမျိုးတွေမှအပ ကျန်တဲ့ ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ အုပ်စုတွေအပေါ် မည်သည့်သက်ရောက်မှု မရှိပါဘူး။ ဆိခ်အမျိုးသားတွေဟာ ကာပန် (Kirpan) လို့ခေါ်တဲ့ အခမ်းအနားဆိုင်ရာ ဓါးလက်နက်ကို သူတို့ရဲ့ ရှပ်အကျီထဲမှာ

ထည့်သွင်းဝတ်ဆင်ရပါတယ်။ ဒါ့ကြောင့် ဒီဥပဒေဟာ ဆိခ်အမျိုးသားတွေရဲ့ ဘာသာရေးဆိုင်ရာ စည်းမျဉ်းတွေလိုက်နာ ဖြည့်ဆည်းနိုင်စွမ်းကို ကန့်သတ်စေခဲ့ပါတယ်။

အချို့နိုင်ငံတွေမှာ နည်းဥပဒေစည်းမျဉ်းအရ အဆောက်အဦးအသစ်တွေဆောက်ဖို့ ဘေးအိမ်နီးနားချင်းတွေ က အတည်ပြုပေးရပါတယ်။ ဒါပေမယ့် အိမ်နီးချင်းဟာ သူ့အကျိုးမလိုလား/အမြင်မှား သူလည်း ဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် ထိုဒေသရဲ့ရိုးရာအတိုင်းကိုင်စွဲနေထိုင်သူတွေဟာ အခြားသေးငယ်ပြီး ရိုးရာအစဉ်အလာမတူတဲ့အုပ်စုတွေထက်စာရင် ခွင့်ပြုချက်ရရှိနိုင်ဖို့ ပိုမိုလွယ်ကူတာ တွေ့ရှိရပါတယ်။

မူဝါဒတွေနဲ့ ဘာသာရေး ကျင့်စဉ်တွေဟာ ပြဿနာ ဖြစ်နိုင်ပါတယ်။ တကယ်လို့ တက္ကသိုလ်တစ်ခုက ဝင်ခွင့်စာမေးပွဲကို စနေနေ့တစ်ရက်တည်းမှာသာ ကျင်းပနေမယ်ဆိုရင် သတ္တမနေ့ ဥပုသ်အသင်းတော်နှင့် ဘာသာတရားကိုင်းရှိုင်းတဲ့ ဂျူးတွေ အခွင့်အရေးဆုံးရှုံးနေမှာပါ။ လူနည်းစုဘာသာရေးအဖွဲ့က အလုပ်သမားတွေဟာ သူတို့ဘာသာရေးပွဲနေ့မှာ အလုပ်နားခွင့်ရရှိမည့်အစား လူအများစုကိုးကွယ်တဲ့ ဘာသာရေးပွဲတော်နေ့မှာ လိုက်ပြီး အလုပ်နားခွင့်ယူနေရတာလည်း မကြာခဏ ဖြစ်နေပါတယ်။

တိုက်ရိုက်ခွဲခြားဆက်ဆံခြင်းကို အမြဲတမ်းတားမြစ်ထားပါတယ်။ ဒါပေမယ့် တရားရုံးတွေအနေနဲ့ သွယ်ဝိုက်ခွဲခြားဆက်ဆံခြင်းတွေကို လက်တွေ့ပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ပြီး အကျိုးအကြောင်းသင့်သည်အတိုင်း ဖြေရှင်းပေးရပါမယ်။ ပြီးတော့ ရိုးရှင်းတဲ့ ဖြေရှင်းနည်းလည်း ရှိနိုင်ပါတယ်။ ကျွန်တော်တို့ စိတ်ကူးပုံဖော်ခဲ့တဲ့မြို့မှာဆိုရင် ဘုရားကျောင်းခေါင်းလောင်းတီးတာကို တနင်္ဂနွေနေ့နဲ့ ပွဲတော်ရက်တွေကို ချွင်းချက်ထားပြီး ခွင့်ပြုချက် ပေးထားနိုင်ပါတယ်။

ဆွီဒင်နိုင်ငံမှာ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို စနေနေ့ တရက်တည်းမှာသာ ကျင်းပလေ့ရှိခဲ့ပါတယ်။ အခုတော့ သောကြာနေ့မှာလည်း ကျင်းပနေပါပြီ။ လုပ်ငန်းခွင်အတွင်းက ယူနီဖောင်းဝတ်စုံတွေကိုလည်း ခေါင်းပေါင်းလို မကြာခဏလုပ်ပြီး ဝတ်ဆင်နိုင်ပါပြီ။

ဒါပေမယ့် ဒီဟာတွေ အမြဲတမ်းတော့ မဖြစ်နိုင်ဘူးဆိုတာ တရားရုံးကသိထားပါတယ်။ သွယ်ဝိုက်ခွဲခြားဆက်ဆံခြင်းဟာလည်း ကောင်းမွန်ခိုင်လုံတဲ့ အထောက်အထားတွေနဲ့ မှန်ကန်ကြောင်းပြနိုင်ရင် တရားဥပဒေနဲ့အညီ ဖြစ်နိုင်ပါတယ်။

ဥပမာ - ဆေးရုံးအတွင်း ရောဂါကူးစက်မှု ထိန်းချုပ်ရေးအတွက် လက်ဝတ်ရတနာဝတ်ဆင်ခြင်းကို တားမြစ်တဲ့ မူဝါဒကြောင့် တချို့အုပ်စုတွေကို ထိခိုက်စေပါတယ်။ ဒါဟာ လူထုကျန်းမာရေးနဲ့ ညီညွတ်အောင် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

လူထုကျန်းမာရေးဆိုတာ ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှုလွတ်လပ်ခွင့်ကို ကန့်သတ်ထားတဲ့ တရားဝင် အကြောင်းအရာတစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် သွယ်ဝိုက်ခွဲခြား ဆက်ဆံခြင်းနှင့် ပတ်သက်ပြီး တရားရုံးက အခြားအကြောင်းအရာတွေကိုလည်း လက်ခံထားပါတယ်။ ဥပမာ - ကုမ္ပဏီတစ်ခုက သူ့ရဲ့မူဝါဒတွေကို ပြုပြင်ပြောင်းလဲတာဟာ သူ့အကျိုးစီးပွားကို ထိခိုက်စေတယ်လို့ အငြင်းပွားနိုင်စရာ ရှိပါတယ်။ အထည်ဆိုင်တစ်ဆိုင်က အရောင်းဝန်ထမ်း တွေကို သူ့ထုတ်ကုန်ပဲဝတ်ဆင်ခိုင်းတဲ့အခါ အရောင်းဂန်ထမ်းတွေက ဘာသာရေးအရ ဝတ်ဆင်ဖို့ ငြင်းဆန်ခဲ့ရင် အဲဒီဂန်ထမ်းကို အလုပ်ခန့်ဖြစ်မှာ မဟုတ်ပါဘူး။

ဒါကြောင့် တိုက်ရိုက်ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားသလို လူတစ်ဦးချင်း (သို့) အဖွဲ့တွေရဲ့ လိုအပ်ချက်ကို ဖြေရှင်းနိုင်မည့်နည်းလမ်းတွေကို ကျိုးကြောင်းညီညွတ်စွာ ရှာဖွေပြီး သွယ်ဝိုက် ခွဲခြားဆက်ဆံခြင်းကို အတတ်နိုင်ဆုံးရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

**ကန့်သတ်ချက်တွေဟာ ခွဲခြားဆက်ဆံရာ မရောက်ဘူးဆိုတာ အတည်ပြုပြီးရင်တော့ အဲဒီအရာဟာ ညီတူညီမျှရှိမရှိ ကျွန်ုပ်တို့ ဆုံးဖြတ်ရပါမယ်။**

လူသိရှင်ကြား ကိုးကွယ်ကျင့်သုံးခြင်းကို ဘယ်အတိုင်းတာအထိ ကန့်သတ် ထားသင့်သလဲ။ ဘာတွေကို ဘယ်သူတွေအတွက် ဘယ်အချိန်၊ ဘယ်နေရာမှာ တားမြစ်ပိတ်ပင်ထားသင့်သလဲ။

သတ်မှတ်ထားတဲ့ အလုပ်ခွင်တွေမှာ သတ်မှတ်ထားတဲ့ လုပ်ငန်းဆောင်ရွက်နေစဉ် သတ်မှတ်ထား တဲ့ ဘာသာရေးအဂတ်အစား ဂတ်ဆင်ခြင်းကို တားမြစ်ပိတ်ပင်တာနဲ့ လမ်းပေါ်သွားလာတဲ့အချိန် ဘာသာရေးဆိုင်ရာ အဂတ်အစားတွေကို မဂတ်ဆင်ကြဖို့ လူတိုင်းကို တားမြစ်တာတွေကြား ကွဲပြားခြားနားမှု များစွာ ရှိပါတယ်။

ဒါကြောင့် နိုင်ငံတကာတရားရုံးတွေဟာ လျော်ကန်မှု ရှိ၊ မရှိကို ကြည့်ကြပါတယ်။ အမေရိကန်ပြည် ထောင်စုက တရားရုံးတွေကတော့ ဒါကို တင်းကြပ်တဲ့ စည်းကမ်းတွေနဲ့ ဆောင်ရွက်ကြပါတယ်။ ဒါပေမယ့် ကန့်သတ်ချက်တွေဟာ တားမြစ်တဲ့နည်းလမ်းကို အတတ်နိုင်ဆုံး လျော့ပေါ့ အသုံးပြု ထားပါတယ်။

**အချို့တရားရုံးတွေ ထည့်သွင်းစဉ်းစားတဲ့ နောက်ဆုံးကဏ္ဍတစ်ခုကတော့ အသိအမှတ်ပြုထားသည့်ခွင့်ပြုမှုဘောင် တစ်ခု ထားရှိခြင်းပဲ ဖြစ်ပါတယ်။**

ကမ္ဘာကြီးမှာ ကွဲပြားခြားနားမှုတွေ အများကြီးရှိတာနဲ့အမျှ နိုင်ငံတစ်နိုင်ငံရဲ့ရေခံမြေခံအပေါ် မူတည်ပြီး လူ့အခွင့်အရေးစည်းမျဉ်းတွေကို ကျင့်သုံးဆောင်ရွက်မှုနည်းလမ်းတွေ များစွာ ရှိနိုင်ပါ တယ်။

အခြေခံသဘောတရားအရ နိုင်ငံတော်အစိုးရဟာ မိမိပြည်တွင်းအခြေအနေကို အသိဆုံးဖြစ်ပြီး နိုင်ငံတော်ဥပဒေရေးဆွဲဖော်ဆောင်ဖို့ အကောင်းဆုံးအနေအထားမှာ ရှိနေတာကြောင့် တချို့နိုင်ငံတကာ တရားရုံးတွေဟာ ဒီ "အသိအမှတ်ပြုပေးတဲ့ ခွင့်ပြုမှုဘောင်" ကို ကျင့်သုံးခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတစ်နိုင်ငံကို ကိုယ်တိုင်ဆုံးဖြတ်နိုင်တဲ့ အာဏာအတိုင်းအဆကို အတိုင်းအတာတစ်ခုအထိ နိုင်ငံတကာတရားရုံးတွေက ပေးအပ်ခဲ့တာ ဖြစ်တယ်။

မေးစရာကတော့ နိုင်ငံတော်ရဲ့ဆုံးဖြတ်နိုင်တဲ့ အာဏာအတိုင်းအဆ အတိုင်းအတာဟာ ဘယ်လောက်အထိ ကျယ်ပြန့်သင့်သလဲ၊ တရားရုံးတွေက ပေးအပ်ထားတဲ့ အတိုင်းအတာဟာ ကျယ်ပြန့်လွန်းနေသလားဆိုတာဟာ ငြင်းခုံဆွေးနွေးစရာ အရေးကြီးတဲ့ အချက် ဖြစ်ပါတယ်။

**အကျဉ်းချုပ်ပြောရရင်**

ကန့်သတ်ခြင်းတွေဟာ ခွင့်ပြုအပ်တဲ့ အရာလားလို့ စဉ်းစားတဲ့အခါ အောက်ပါလုပ်ငန်းစဉ်တွေကို ကျွန်တော်တို့ အသုံးပြုပါတယ်။
(၁) တရားဥပဒေက ကန့်သတ်ထားတာဟာ ဘာသာရေး (သို့) သက်ဝင်ယုံကြည်ခွင့် ကို ခံယူခွင့် (သို့) ကူးပြောင်းခွင့်ဆိုတဲ့ အကြွင်းမဲ့အခွင့်အရေးကိုလား (သို့) လူသိရှင်ကြား ကိုးကွယ်ကျင့်သုံးမှုကိုလား ဆိုတာကို သုံးသပ်ဆုံးဖြတ်ပါ။
(၂) ကန့်သတ်ထားတဲ့ ဘာသာရေးပြုမူဆောင်ရွက်ချက်တွေဟာ အကာအကွယ်ပေးထားတဲ့ လူသိရှင်ကြားကိုးကွယ်ကျင့်သုံးမှုအဖြစ် သတ်မှတ်နိုင်မလားဆိုတာ ဂေဖန်ပိုင်းခြားပါ။
(၃) ကန့်သတ်ချက်တွေဟာ ဥပဒေအတွင်းက ဟုတ်၊ မဟုတ် စိစစ်ပါ။
(၄) အခြားသူရဲ့ အခွင့်အရေးနှင့်လွတ်လပ်ခွင့်ကဲ့သို့သောအရာတွေအပေါ် အဆိုပါ လူသိရှင်ကြားကိုးကွယ်ကျင့်သုံးမှုဟာ ဥပဒေဘောင်အတွင်းက ကန့်သတ်ခံရလောက်အောင် ဘယ်အတိုင်းအတာထိ ချိုးဖောက်ထိခိုက်လို့လဲ ဆိုတာ ဂေဖန်ပိုင်းခြားပါ။
(၅) ကန့်သတ်ချက်ဟာ တိုက်ရိုက် (သို့) သွယ်ဝိုက်ခွဲခြားဆက်ဆံခြင်း မြောက်၊ မမြောက် စိစစ်ပါ။
(၆) ပြီးတော့ ကန့်သတ်ချက်ဟာ ထိခိုက်မှုဖြစ်ပေါ်နေမှုကို ထိန်းညှိပေးပြီး လိုအပ်ချက်အတိုင်း ထိထိရောက်ရောက် ဖြေရှင်းနိုင်မလားဆိုတာ စဉ်းစားဆင်ခြင်ပါ။

လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး တရားရုံးက ဘယ်လိုသဘောတရားတွေကို အခြေခံပြီး ငြင်းခုံလိုက်နာကျင့်သုံးသင့်လဲဆိုတာကို ကျွန်ုပ်တို့ နားလည်သဘောပေါက်တဲ့အခါ မိမိတို့ အခွင့်အရေးကို ပိုမိုထိရောက်စွာ တောင်းဆိုနိုင်မှာ ဖြစ်ပါတယ်။ တရားရုံးတွေနှင့်အစိုးရတွေဟာ ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ကို မှန်ကန်စွာ ကျင့်သုံးနေလားဆိုတာ နှင့် သူတို့ကိုယ်တိုင် ချိုးဖောက်နေလားဆိုတဲ့ အကြောင်းကို လူထုဆွေးနွေးငြင်းခုံပွဲတွေမှာ ကျွန်ုပ်တို့လည်း ထဲထဲဝင်ဝင် ပိုမို ပါဝင်ဆွေးနွေးနိုင်မှာ ဖြစ်ပါတယ်။

မူပိုင် - SMC 2018